# အမှန်တရားနှင့်မျှတမှုအမျိုးသားပါတီဗဟိုကော်မတီ

# နှင့်

# မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်စစ်ရေးကော်မတီမှ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတထံသို့အိတ်ဖွင့်စာ

ရက်စွဲ၊ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်

သို့ / သမ္မတ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ကိုးကန့်လူမျိုး၏ အမျိုးသားရေးသမိုင်းပေးတာဝန်အရ MNDAA (ကိုးကန့်) သည် မိမိ၏မွေးရာဇာတိမြေသို့ ပြန်လာခဲ့ရပါသည်။

၁၉၈၉ခုနှစ် မတ်လ ၁၁ရက် တွင် MNDAA သည် ပြည်တွင်းစစ်မှ ရပ်တန့်ခဲ့ပြီး ပထမဦးဆုံး နိုင်ငံတော်အစိုးရ (စစ်အစိုးရ) နှင့်ငြိမ်းချမ်းရေးယူခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို လိုလား၍ ငြိမ်းချမ်းရေးလမ်းစဉ်ကို စွဲကိုင်ခဲ့သည်။ ဤလုပ်ဆောင်ချက်ကြောင့် အခြားသောတိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ မြောက်များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်ကြောင့် နှစ် ၄၀ ခန့်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကိုလည်း နေရာတော်တော်များများတွင် ရပ်တန့်စေခဲ့ပါသည်။ ဤသည်ကို သမ္မတကြီးကိုယ်တိုင် မျက်မြင်ဖြတ်သန်းလာခဲ့၍ ဤလုပ်ဆောင်ချက်သည် တိုင်းပြည်ကို ထွန်းတောက် ငြိမ်းချမ်းစေသော သမိုင်းဖြစ်စဉ်တစ်ရပ် ဖြစ်ကြောင်း မှတ်မိပါလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

သမ္မတကြီးအနေဖြင့် ကိုးကန့်အထူးဒေသ(၁)သည် နိုင်ငံတော်အစိုးရကို အားထားမှီခို၍ မိမိတို့ကိုးကန့်လူမျိုးများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်မိသားစုကြီးအတွင်း ထဲထဲဝင်ဝင်ကြီးစားပါဝင်ခဲ့ပြီး နိုင်ငံတော်ငြိမ်းချမ်းရေး၊ ကိုးကန့် ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် စံပြဖြစ်ကြောင်းကို ထိုအချိန်က နိုင်ငံတော်၏အတွင်းရေးမှူး(၁) တာဝန်ထမ်းဆောင်နေသော ဗိုလ်ချုပ်ခင်ညွန့် ကိုယ်တိုင်က ကိုးကန့်အထူးဒေသ(၁) ငြိမ်းချမ်းရေး ၁၀ နှစ်ပြည့်အခမ်းအနားတွင် ထုတ်ဖော်ပြောဆိုပြီး နိုင်ငံတော်အခက်အခဲကြုံတွေ့နေချိန်တွင် ဦးဖုန်ကြားရှင်၏ လုပ်ဆောင်မှုသည် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ကြီးမားသောစွမ်းဆောင်မှုများ ဖြစ်စေခဲ့ ကြောင်းကြေညာခဲ့သည်။

သမ္မတကြီးခင်ဗျား.... ဦးဖုန်ကြားရှင်မှ ကိုးကန့်တိုင်းရင်းသားကို ဦးဆောင်၍ ဒေသတွင်းနှစ်ရာချီရှိသော ဘိန်းစိုက်ပျိုးမှုကို ရပ်တန့်စေခဲ့ပြီး ကိုးကန့်အထူးဒေသ(၁) ကို ဘိန်းပပျောက်နယ်မြေဟု နိုင်ငံတကာအား

ဝင့်ဝင့်ကြွားကြွားကြေညာနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်းရှိ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)(ကိုးကန့်) သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးတွင် တက်တက်ကြွကြွပါဝင်ခဲ့ပါသည်။

သမိုင်းရေစီးကြောင်းတွင် "နှစ် ၂၀"သောအချိန်ကာလသည် အင်မတန်တိုတောင်းသောကာလဖြစ်ပါသည်။ သို့သော် ပြည်တွင်းစစ်မရှိသောအချိန်ကာလအပိုင်းအခြားအနေနှင့် "နှစ် ၂၀"သောကာလသည် လွန်စွာတန်ဖိုးရှိလှပါသည်။ ဤနှစ် ၂၀အတွင်း ငြိမ်းချမ်းရေး၏အသီးအပွင့်ကို ပြည်ထောင်စုအတွင်းရှိ ပြည်သူလူထုနှင့် တိုင်းရင်းသားအသီးသီးတို့မှ ခံစားခဲ့ကြပြီး သာယာလှပသော အနာဂတ်ကို မျှော်လင့်နိုင်ခဲ့ပါသည်။ထိုကာလကို သမ္မတကြီးကိုယ်တိုင်လည်း ထိတွေ့ခံစားရလိမ့်မည်ဟု ကျွန်ုပ်တို့ MNDAA မှ အပြည့်အဝ ယုံကြည်ပါသည်။ သို့သော် ဤသို့သောငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရနေသည့်အခြေအနေမှာ နိုင်ငံတော်အစိုးရမှ အဘယ်ကြောင့် ကတိသစ္စာကင်းမဲ့ပြီး အထူးဒေသ (၁) (ကိုးကန့်)ကို အကြောင်းမဲ့အပြစ်တင်၍ ကြမ်းတမ်းသောစစ်ရေးလှုပ်ရှားမှုဖြင့် နိုင်ငံတကာကို တုန်လှုပ်စေခဲ့သော "၈.၈.၂၀၀၉ ကိုးကန့်အရေးအခင်း"ကို လုပ်ဆောင်ခဲ့သလဲဆိုသည်ကို ကျွန်ုပ်တို့အား မလည်နိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုအရေးအခင်းကြောင့် ငြိမ်းချမ်းနေသော ပြည်ထောင်စုကြီးကို ပြည်တွင်းစစ်နှင့်ပြန်လည်ရင် ဆိုင်စေခဲ့ပါသည်။ ထို့ပြင် မတရားသောနည်းလမ်းပေါင်းစုံဖြင့် သစ္စာဖောက်သူများကို မြှူဆွယ်သိမ်းသွင်းခြင်း၊ အထူးဒေသ(၁)ခေါင်းဆောင်များအား အပစ်များပုံချစွတ်စွဲခြင်းတို့ဖြင့် ကိုးကန့်တိုင်းရင်းသားများ ရှေ့ဆောင်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးကို ဖျက်သိမ်းရန်ရည်ရွယ်ခဲ့သည်။ ဤရည်ရွယ်ချက်ဖြင့် ပစ်ပယ်လိုက်သည်မှာ ဦးဖုန်ကြားရှင်တစ်ဦးတည်းသာမဟုတ်ဘဲ ကိုးကန့်တိုင်းရင်းသားထု တစ်ရပ်လုံးဖြစ်ပါသည်။ထို့အပြင် အခြားသောတိုင်းရင်းသားညီအစ်ကို အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်အပေါ် ယုံကြည်မှုများလျော့နည်းစေခဲ့ပါသည်။ ကိုးကန့်အရေးအခင်းပြီးနောက် အခြားသောတိုင်းရင်းသား ညီအစ်ကိုအဖွဲ့အစည်းများအပေါ်တွင်လည်း စစ်ဆင်ရေးများပြုလုပ်ခဲ့ပြီး နိုင်ငံတော်ကို ကြီးမားစွာသော ပြည်တွင်းစစ်စက်ကွင်းထဲသို့ တဖန်ခေါ်ဆောင်သွားပါသည်။ ယနေ့၏မြန်မာ့နိုင်ငံရေးအခြေအနေကို လေ့လာခြင်းအားဖြင့် မြန်မာလူမျိုးများ၏ လူမျိုးကြီးဝါဒကျင့်သုံးခြင်းသည် ပြည်တွင်းနိုင်ငံရေးကို ရှုပ်ထွေးစေပြီး မအောင်မြင်ဆိုသည်ကို သိရှိနားလည်မည်ဟု ကျွန်ုပ်တို့ MNDAA အပါအဝင် အခြားသောတိုင်းရင်းသားများက ယုံကြည်နားလည်လက်ခံထားသည်။

သမ္မတကြီးခင်ဗျား... ကိုးကန့်တိုင်းရင်းသားသည် ၁၃၅ မျိုးသောတိုင်းရင်းသားစုပေါင်းနေထိုင်သည့် ပြည်ထောင်စုကြီးထဲမှ ညီငယ်တိုင်းရင်းသားတစ်မျိုးဖြစ်ပြီး အခြားသောတိုင်းရင်းသားညီအစ်ကိုများနဲ့အတူ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီကို တောင်းတလိုလားပါသည်။ နိုင်ငံတော်ကိုလည်း ချစ်ခင်မြတ်နိုးပါသည်။ အင်အားတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တောင်းတပါသည်။ **ကိုးကန့်တိုင်းရင်းသားများသည်လည်း နိုင်ငံတော်မှ ပေးအပ်သောတာဝန်နှင့် ဝတ်တရားများကို နိုင်ငံတော်၏နိုင်ငံသားစုအဖွဲ့ဝင်အနေဖြင့် ထမ်းဆောင်ချင်ပါသည်။** လူမျိုးရေးခွဲခြားမှုကိုမလိုလားပါ။ တန်းတူမှုကို စွဲမြဲစွာလိုလားအပ်ပါသည်။

ကိုးကန့်အထူးဒေသ(၁)သည် ကိုးကန့်တိုင်းရင်းသားများ၏ ဘိုးဘွားပိုင်မွေးရာဇာတိမြေဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဇာတိပြန်လမ်းခရီးသည် ခက်ခဲပြီး ရှည်ဝေးမည်ဆိုသည်ကိုသိသော်လည်း ကိုးကန့်တိုင်းရင်းသား၏ ဇွဲလုံ့လ ဝီရိယဖြင့် ဘ၀တူအခြားသောတိုင်းရင်းသားညီအစ်ကိုအပေါင်းတို့နှင့် လက်တွဲပြီး ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေရောက်လှမ်းပါမည်။

သမ္မတကြီးခင်ဗျား... မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားရင်ကြားစေ့ရေးသည် ငြိမ်းချမ်းရေး၏ အဓိကမဏ္ဍိုင်ဖြစ်ပါသည်။ နိုင်ငံတော်အုပ်ချုပ်သူသည် နိုင်ငံတော်၏အကျိုးအမြတ်ကို ဦးစားပေးပြီး လူမျိုးကြီးဝါဒကို စွန့်လွှတ်၍ စိတ်ရင်းစေတနာအမှန်ဖြင့် တိုင်းရင်းသားများကို လက်ခံပြီး တန်းတူအခွင့်အရေးများပေးသင့်သည်။ သမ္မတကြီးကို ပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့ပြီး နှစ်သက်သည့်သမ္မတကြီးအလို့ငှာ "တိုင်းရင်းသားရင်ကြားစေ့ရေး" ကို သော့ချက်အဖြစ်အသုံးပြုပြီး ငြိမ်းချမ်းရေးတံခါးမကြီးကို ဖွင့်နိုင်ရန် တောင်းတပါသည်။

လေးစားစွာဖြင့်

အမှန်တရားနှင့်မျှတမှုအမျိုးသားပါတီဗဟိုကော်မတီ

မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်စစ်ရေးကော်မတီ